# သင့်ဘဝအတွက် အရေးကြီးဆုံးသော မေးခွန်း



တမလွန်၌ သင်ဘယ်ရောက်မည်ကို သိထားပါသလား





## သင့်အတွက် အရေးကြီးဆုံးသောမေးခွန်း

မင်္ဂလာပါ ချစ်သောမိတ်ဆွေ! ကျွန်ုပ်သည် ဘုရားသခင်နှင့် သူ၏သားတော် သခင်ယေရှု အကြောင်းကို သင်တို့အား ဟောပြောရန် ဘုရားသခင်စေလွှတ်သော အစေခံတစ်ဦးဖြစ်ပါသည်။ သခင်ယေရှုကို ငြင်းပယ်သောသူများသည် တရားစီရင်ခြင်းခံရကြမည်ဖြစ်ကြောင်းကို သတိပေးရန် စေလွှတ်ခြင်းခံရသူ ဖြစ်ပါသည်။ ထို့အပြင် ဘုရားသခင်သည် အလွန်အံ့ဖွယ် ကြီးမားသောလက်ဆောင်ကိုလူအပေါင်းတို့အားပေးတော်မူသည့် သတင်းကောင်းကို ဟောပြောသောသူလည်း ဖြစ်ပါသည်။ ထို့ကြောင့် သင့်အတွက် အရေးကြီးဆုံးသော မေးခွန်းမှာ တမလွန်၌ ဘယ်ရောက်မည်နည်း။ လူ့ဘဝသည်တိုတောင်းလှပါ သည်။ သေလွန်ပြီးနောက် လူတိုင်းသွားရမည့်နေရာ နှစ်နေရာရှိသည်။ ထာဝရဆင်းရဲဒုက္ခဖြင့်ပြည့်သောငရဲဘုံနှင့် ထာဝရပျော်ရွှင်ချမ်းသာသုခနှင့် ပြည့်စုံသောကောင်းကင်နိုင်ငံ ဖြစ်ပါသည်။ သင်! မည်သည့်နေရာ ရောက်မည်နည်း။

ဤစာစောင်တွင် သခင်ယေရှုခရစ်တော် အသေခံတော်မူခြင်းအားဖြင့် ကောင်းကင်နိုင်ငံ၌ စံမြန်းနိုင်မည်ဟူသော ဘုရားသခင်၏ မေတ္တာလက်ဆောင်အကြောင်းကို ဖော်ပြမည်ဖြစ်ပါသည်။ ထိုလက်ဆောင်သည် အခမဲ့လက်ဆောင်ဖြစ်သည်။ သခင်ယေရှုအသက်ဖြင့်ရွေးဝယ်ထားသော ဘုရားသခင်၏အခမဲ့ထာဝရလက်ဆောင်ဖြစ်ပါသည်။ ဤစာစောင်ကို ဖတ်ခြင်းအားဖြင့် ထိုလက်ဆောင်ရရှိနိုင်မည့်နည်းလမ်းကိုသိရှိပြီး ကောင်းကင်နိုင်ငံတော်သို့ ဝင်ရောက် နိုင်စေမည်ဖြစ်သည်။




**ဘုရားသခင်၏နှုတ်ကပတ်တော်**

*(၂တိမော ၃း၁၆-၁၇၊ ၂ ပေ ၁း ၂၁၊ ဟေဗြဲ ၄း၁ ၂။ ဆာလံ ၁၉း၇-၁၀၊ ဆာလံ ၁ ၂း၆)*

ရုပ်ပုံထဲမှ စာအုပ်သည် ဘုရားသခင်၏နှုတ်ကပတ်တော်သမ္မာကျမ်းစာဖြစ်သည်။ ထိုကျမ်းစာကဲ့သို့သောကျမ်းမျိုး ကမ္ဘာပေါ်တွင် မရှိပါ။ ထိုသမ္မာကျမ်းစာကို ရရှိရန် သန့်ရှင်းသူများသည် သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြမှုဖြင့် အက္ခရာတင်ရေးသားခဲ့ကြပါသည်။ ဘုရားသခင်သည် စုံလင်တော်မူသောကြောင့် သမ္မာကျမ်းစာသည်လည်း စုံလင်ပြီး အမှားကင်းစင်သည်။ ထိုကျမ်းတွင် ဘုရားသခင်သည် မိမိကိုယ်ကို ဖွင့်ပြတော်မူပြီး၊ သူ၏အလိုတော်နှင့်လူသားများအတွက် ဆောင်ရွက်သော အံ့သြဖွယ်ရာအကြောင်းအရာများပါရှိပါသည်။ ထိုကောင်းကြီးမင်္ဂလာများကို သင် ခံစားနိုင်ရန်အတွက် ဤအကြောင်းအရာများကို ဝေမျှလိုပါသည်။




**အစအဦး၌ - ဖန်ဆင်းခြင်း။**

*(ကမ္ဘာ ၁း၁-၅၊ ဆာလံ ၉၀း ၂၊ ယောဟန် ၁း၁-၃၊ ဆာလံ ၃၃း၈-၉၊ ဗျာဒိတ် ၄း၈)*

အစအဦးတွင် ဘုရားသခင်တပါးတည်းသာရှိတော်မူကြောင်း သမ္မာကျမ်းစာ၌ ဖော်ပြထားသည်။ ဘုရားသခင်သည် အစမရှိ အဆုံးလည်းမရှိပါ။ အစအဦးတွင် ဘာမျှမရှိသေးပါ။ ဘုရားသခင်သည် ဗလာနတ္ထိထဲမှ အရာခပ်သိမ်းတို့ကို ဖန်ဆင်းတော်မူခဲ့သည်။ ကောင်းကင်မြေကြီး၊ ကြယ်တာရာနှင့် ဂြိုလ်များကိုလည်း ဖန်ဆင်းတော်မူသည်။ သက်ရှိသတ္တဝါများဖြစ်သော ရေ၌ငါးများ၊ လေ၌ငှက်များနှင့် မြေ၌တိရိစ္ဆာန်များကို ဘုရားသခင်ဖန်ဆင်းခဲ့သည်။ ဘုရားသခင်က "ဖြစ်စေ" ဟု မိန့်တော်မူသည့်အတိုင်း အရာအားလုံးဖြစ်လာသည်။ ဘုရားသခင်သည် အလွန်သန့်ရှင်းကောင်းမြတ်ပြီး အရာအားလုံးကို ပိုင်သအုပ်စိုးမူသည်။ ဘုရားသခင် ဖန်ဆင်းတော်မူသမျှသော အရာအားလုံးသည် အလွန်ကောင်းကြပါသည်။




**အာဒံနှင့် ဧဝ** *(ကမ္ဘာဦးကျမ်း ၁း၂၆-၃၁၊ ကမ္ဘာဦးကျမ်း ၂း၇-၂၅)*
ဘုရားသခင်သည် အရာခပ်သိမ်းကို (၆) ရက်အတွင်း ဖန်ဆင်းခဲ့သည်။ နောက်ဆုံးနေ့ဖြစ်သော (၆) ရက်မြောက်နေ့၌ လူကိုဖန်ဆင်းတော်မူသောကြောင့် ထိုနေ့သည် အလွန်ထူးခြားသောနေ့ဖြစ်သည်။ ဘုရားသခင်သည် မြေမှုန့်ဖြင့် လူကိုဖန်ဆင်းပြီး သူ၏နှာခေါင်း၌ ဇီဝအသက်ကို မှုတ်သွင်းသဖြင့် လူသည် အသက်ရှင်သောသတ္တဝါဖြစ်လာသည်။ ဘုရားသခင်သည် လူကိုအခြားသောတိရိစ္ဆာန်များကဲ့သို့ မဖန်ဆင်းဘဲ၊ သူ့၏ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းကာ ထာဝရဝိညာဉ်ကို ထည့်ပေးထားသည်။ ဘုရားသခင် ပထမဆုံးဖန်ဆင်းသော လူယောကျ်ားနှင့်လူမိန်းမကိုအာဒံနှင့် ဧဝဟူ၍ အမည်မှည့်ခေါ်ခဲ့သည်။ သူဖန်ဆင်းသမျှအရာအားလုံးအပေါ် အုပ်စိုးခွင့်ကိုလည်း ပေးထားပါသည်။ သူတို့နေထိုင်ရန် အလွန်လှပပြည့်စုံသော ဧဒင်ဥယျာဉ်ကို ပြုလုပ်ပေးခဲ့သည်။ ဘုရားသခင်သည် ဥယျာဉ်ထဲတွင် လူလင်မယားတို့နှင့်အတူ နေ့စဉ်အမြဲ မိဿဟာယဖွဲ့တော်မူသည်။ သူတို့သည် ဘုရားသခင်၏မိတ်ဆွေများဖြစ်ကြသည်။ အပင်တစ်ပင်၏ အသီးမှအပ အခြားသောအပင်ရှိသမျှ၏အသီးများကို စားသုံးခွင့် ပေးထားသည်။ ကောင်းမကောင်း သိကျွမ်းရာအပင်၏ အသီးမူကား စားခွင့်မရှိပါ။




**ဥယျာဉ်ထဲမှ စာတန်မာရ်နတ်**
*(ကမ္ဘာဦးကျမ်း ၃း၁-၆၊ ဟေရှာယ ၁၄း၁၂-၁၄၊ ၁ ယော ၃း၈၊ ယောဟန် ၈း၄၄၊ ၁ပေ ၅း၈)*
ဘုရားသခင်၏ရန်သူ စာတန်မာရ်နတ်သည် ဥယျာဉ်ရှိ အာဒံနှင့်ဧဝထံ ရောက်ရှိလာသည်။ သူသည် ဘုရားသခင်ကို ပုန်ကန်ခဲ့သော ကောင်းကင်တမန်ဖြစ်သည်။ သူ့ကိုလည်း ဘုရားသခင်ဖန်ဆင်းခဲ့သည်။ သို့သော် သူသည် မာနထောင်လွှားပြီး ဘုရားသခင်ကဲ့သို့ ဖြစ်လိုခဲ့သည်။ သူသည် ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်ပြီး အခြားသောကောင်းကင်တမန်များသည်လည်း သူနှင့်အတူ ဘုရားသခင်ကို ပုန်ကန်ခဲ့ကြသည်။ ထိုအချိန်မှစ၍ ဘုရားသခင်၏ အကြံအစည်ကို ဖျက်ဆီးလိုသောသူဖြစ်လာပြီး၊ သူနှင့် သူ၏အပေါင်းအပါ နတ်ဆိုးများသည် ယနေ့တိုင် ဤလောကတွင်အသက်ရှင်လျှက်ရှိနေကြကာ၊ လူသားများ၏ဘဝကို ဖျက်ဆီးကြသည်။ စာတန်သည် လိမ်ညာလှည့်ဖြားသောသူဖြစ်သည်။ ဘုရားသခင်ကို နာမခံရန် ဧဝကို လှည့်ဖြားခြင်းကြောင့် ဧဝသည် ဘုရားသခင်တားမြစ်ထားသောအသီးကို စားသုံးခဲ့သည်။

၃



**အာဒံနှင့် ဧဝ အပြစ်လွန်ကျူးခြင်း**

*(ကမ္ဘာ ၁း၆-၂၄၊ ရောမ ၅း၁၂၊ ၁း၁၀-၁၂၊ ဟေရှာ ၅၉း၂၊ ဆာလံ ၅၁း၄-၅၊ ဗျာဒိတ် ၂၀း၁၁-၁၄)*

ဧဝသည် အာဒံကို သစ်သီးအချို့ပေး၍ အာဒံလည်း စားလေ၏။သူတို့မျက်စိပွင့်ပြီး ကောင်းမကောင်းကို သိကြရသော်လည်း သူတို့၏ဝိညာဉ်မှာသေဆုံးသွားခဲ့ကြသည်။ သူ့တို့သည် ဘုရားသခင်ကို နာမခံဘဲ ဆန့်ကျင်သောအပြစ်သားများ ဖြစ်ကြသည်။ ထို့ကြောင့် ဘုရားသခင်နှင့်မိဿဟာယ ပျက်ဆီးပြီး ဘုရားသခင်နှင့်အတူ နေထိုင်ခွင့် မရကြတော့ပါ။ ဘုရားသခင်သည် အာဒံနှင့်ဧဝကို လုပသောဒေင်ဥယျာဉ်ပြင်ပသို့ နှင်ထုတ်ခဲ့သည်။ လူသားအားလုံးသည် အာဒံနှင့်ဧဝမှ ဆင်းသက်လာသော သားစဉ်မြေးဆက်များဖြစ်ကြသောကြောင့် သူတို့ထံမှ အပြစ်ကျိန်ခြင်းကို အမွေအဖြစ် ဆက်ခံကြရသည်။ လူသားအားလုံးသည် ဇီဇအပြစ်သဘာဝပါလျှက် မွေးဖွားလာကြပြီး အချိန်တိုင်း အပြစ်ကျူးလွန်ကြသည်။ အပြစ်ကြောင့် ဒုက္ခဝေဒနာ၊ ဖျားနာခြင်းနှင့် သေခြင်းများကို ကြုံတွေ့ကြရသည်။ ဖန်ဆင်းသမျှအရာအားလုံးသည်အပြစ်ကြောင့် ကျိန်စာသင့်ခဲ့ပါသည်။ ထို့ကြောင့် ရေလွှမ်းမိုးခြင်းများ ကြီးမားသောငလျင်လှုပ်ခြင်းများနှင့် ငတ်မွတ်ခေါင်းပါးခြင်းများကြုံတွေ့ကြရသည်။ ဘုရားသခင်သည် ဖြောင့်မတ်သောဘုရားဖြစ်သောကြောင့် အပြစ်ကိုမုန်းတီးပြီး အပြစ်အတွက် အပြစ်ပေးမည်ဖြစ်သည်။ အပြစ်ကြောင့် ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်နှင့် ကင်းကွာသောသူများဖြစ်ပြီး တစ်နေ့နေ့တွင် ကျွန်ုပ်တို့၏အပြစ်အတွက် အပြစ်ပေးခြင်းခံရကြမည်။

၄




**ပထမဦးဆုံး လူသတ်မှု၊ အာဗေလကို ကာဣနသတ်ခြင်း။** *(ကမ္ဘာဦးကျမ်း ၄း၁-၁၇)*

အပြစ်ကျိန်ခြင်းသည် အာဒံဧဝမှစ၍ သူတို့၏သားသမီးများသို့ ကူးစက်သွားလေသည်။ အာဒံဧဝ၌ ကာဣနနှင့် အာဗေလဟုခေါ်သော သားနှစ်ယောက်ရှိသည်။ အချိန်တန်သောအခါ သူတို့နှစ်ဦးသည် ဘုရားသခင်ထံ ပူဇော်သက္ကာများ ယူဆောင်လာကြသည်။ ကာဣနသည် မြေအသီးအနှံကို ယူဆောင်ပြီး အာဗေလမှာ သိုးကို ယူဆောင်ခဲ့သည်။ ဘုရားသခင်သည် ကာဣန၏ ပူဇော်သက္ကာကို ငြင်းပယ်ပြီး အာဗေလ၏ပူဇော်သက္ကာကိုအားရနှစ်သက် လက်ခံသောကြောင့် ကာဣနသည် မနာလိုငြိုငြင် စိတ်ဆိုးကာ ညီအာဗေလကို သတ်ပစ်ခဲ့သည်။ ၎င်းသည် ပထမဦးဆုံးလူသတ်မှုဖြစ် သည်။ ကျွန်ုပ်တို့အပါအဝင် လူသားအားလုံးသည် ဇီဇအပြစ်သဘာဝပါလျှက် မွေးဖွားလာကြပြီး အားလုံးသည် အပြစ်ကို အမွေခံကြရသည်။





**မြေကြီးပေါ်တွင် လူသားတို့၏ ဒုစရိုက်ကြီးထွားလာခြင်း။** *(ကမ္ဘာဦးကျမ်း ၆း၁-၇)*
အာဒံဝေတို့၏ မျိုးဆက်သည် တိုးပွားများပြားလာကြသည်။ သူတို့အားလုံးသည် အပြစ်လွန်ကျူးသူများ ဘုရားကို နာမခံသူများဖြစ်ကြသည်။ လူတို့၏အပြစ်သည် အလွန်ကြီးမားလာသောကြောင့် လူသားကို ဖန်ဆင်းခြင်းအပေါ် ဘုရားသခင် ဝမ်းနည်းပြီး နောင်တရခဲ့ပါသည်။ ထို့ကြောင့် ဘုရားသခင်သည် ကြီးမားသောရေလွှမ်းမိုးခြင်းအားဖြင့် လူသားများကို ဖျက်ဆီးဖယ်ရှားပစ်ရန် ဆုံးဖြတ်ခဲ့ပါသည်။




**နောဧသင်္ဘောကြီး** *(ကမ္ဘာဦးကျမ်း ၆း၈-၂၂၊ ၂ပေတရု ၃း၉)*
ဘုရားသခင်ကို ချစ်ပြီး စကားတော်ကို နားထောင်သောလူတစ်ဦးရှိသည်။ ထိုသူမှာ နောဧဖြစ်သည်။ ရေလွှမ်းမိုးခြင်းမှ လွတ်မြောက်စေရန်ဘုရားသခင်က နောဧကို သင်္ဘောကြီးဆောက်လုပ်ရန် စေခိုင်းခဲ့သည်။ နှစ်ပေါင်း(၁၂၀) ကြာ သင်္ဘောကို ဆောက်လုပ်ရင်း ကမ္ဘာမြေကြီးကို ရေလွှမ်းမိုးခြင်းအားဖြင့် ဘုရားသခင်တရားစီရင်မည်ဖြစ်ကြောင်း နောဧကသတိပေးဟောပြောခဲ့သည်။ နောင်တမရကြသည့်အပြင် အပြစ်ကိုသာ ပိုမို ကျူးလွန်ခဲ့ကြသည်။ ဘုရားသခင်သည် တိရိစ္ဆာန်အမျိုးမျိုးထဲမှ အထီးအမအစုံလိုက် ခေါ်ဆောင်လာပြီး နောဧသည် တိရိစ္ဆာန်များကို သင်္ဘောထဲသို့ သွင်းထားလေသည်။ နောဧနှင့်မယား၊ သားသုံးဦးနှင့် သူတို့၏မယားသုံးဦး၊ စုစုပေါင်း (၈) ဦးတို့သည် တိရစ္ဆာန်များနှင့်အတူ သင်္ဘောထဲသို့ ဝင်ကြ၏။ ထို့နောက် ဘုရားသခင်သည် သင်္ဘောတံခါးဝကို ချိတ်ပိတ်လိုက်ပါသည်။

၉



**ရေလွှမ်းမိုးခြင်း** *(ကမ္ဘာဦးကျမ်း ၇း၁-၂၄)*


ခုနစ်ရက်ကြာပြီးနောက် ဘုရားသခင်သည်ကြီးစွာသောမိုးကို ရွာသွန်းစေပြီး မြေအောက်ရှိ ရေများကိုလည်း မြေကြီးပေါ်ဆွဲတင်လိုက်သည်။ ဘုရားသခင်သည် ကြီးစွာသောမိုးကို ရက်ပေါင်း (၄၀) တိုင်တိုင် ရွာသွန်းစေပြီး မြေကြီးကို ရေလွှမ်းမိုးစေခဲ့သည်။ သင်္ဘောကြီး၏ အပြင်ဖက်၌ရှိသောသူတို့အဖို့ ကယ်တင်ခြင်းရရှိနိုင်ရန် အလွန်နောက်ကျသွားပြီဖြစ်သည်။ အားလုံးသည် ရေ၌ နစ်မြုပ်သေဆုံးကြရသည်။ နောနှင့်မိသားစုသာလျှင် ဘုရားသခင်ကို ယုံကြည်ပြီး နာခံကြသောကြောင့် သေဘေးမှလွတ်မြောက်ခဲ့ကြသည်။ နောဧသည် သူ၏ ခေတ်၌လုပ်ခဲ့သည့်အတိုင်း ဘုရားသခင်၏တရားစီရင်ခြင်းကို သင်တို့အား သတိပေးရန် ကျွန်ုပ်သည် စေလွှတ်ခြင်းခံရသည်။ လူတိုင်း တစ်နေ့သေကြရမည်ဖြစ်ကြောင်း သမ္မာကျမ်းစာ၌ ဖော်ပြပါသည်။ သေပြီးနောက် တရားစီရင်ခြင်းခံရမည်ဖြစ်သည်။ ဘုရားသခင်ပေးသော အခမဲ့လက်ဆောင်ကို မရရှိဘဲ သင်ယနေ့ သေဆုံးခဲ့ပါက သင့်အတွက် မျှော်လင့်ချက်မရှိဘဲ အပြစ်စီရင်ခြင်းသာ ခံစားရမည်ဖြစ်သည်။ ထို့ကြောင့် ကယ်တင်ခြင်းသင်္ဘောကြီးပေါ် မလွတ်စတမ်း တက်လှမ်းလိုက်ပါ။ ထိုအကြောင်းကို ဆက်လက်ရှင်းပြပါမည်။

၁၀



**အာဗြဟံ၊ စာရာနှင့် ဣဇာက်** *(ကမ္ဘာ ၉း၁၈-၁၉၊ ၁၂း၁၊ ၁၇း၁-၈၊ ၂၁း၁-၇၊ ရော ၄း၁၊ မဿဲ ၁း၁-၁၆)*

နောဧမျိုးဆက်မှ နှစ်ပေါင်းများစွာကြာလာသောအခါ လူမျိုးနွယ်စုများစွာဖြစ်လာသည်။ နောဧ အမျိုးအနွယ်ထဲမှ အာဗြဟံသည် ကြီးမြတ်သောသူဖြစ်သည်။ သူ၏အမျိုးအနွယ်သည် ကြီးမြတ်သောလူမျိုးဖြစ်မည်ဟု ဘုရားသခင်က အာဗြဟံကို ကတိပေးခဲ့သည်။ သို့သော် အာဗြဟံနှင့် ဇနီးစာရာတို့တွင် သားသမီးတစ်ဦးမျှ မရှိကြသေးပါ။သူတို့သည် အလွန်အိုမင်းကြပြီ။ သို့သော် ဘုရားသခင်၏ကတိတော်ကို ယုံကြည်နေကြသည်။ အာဗြဟံသည် အခြားမိန်းမတစ်ဦးအားဖြင့် သားတစ်ဦးရရှိခဲ့သည်။ ထိုသား၏အမည်မှာ ဣရှမေလဖြစ်ပြီး အာရပ်အနွယ်များ၏ ဖခင်ဖြစ်လာသည်။ အာဗြဟံနှင့်စာရာတို့ အလွန်အိုမင်းသောအခါမှသာ ဘုရားသခင်၏ ကတိတော်အတိုင်း သားတစ်ယောက်ရရှိခဲ့ကြသည်။ ထိုသားကို ဣဇာက်ဟု အမည်ပေးကြသည်။ ဣဇာက်၏ အမျိုးအနွယ်အားဖြင့် ဣသရေလလူမျိုးဖြစ်လာသည်။ သူတို့သည် ဘုရားသခင်ရွေးကောက်တော်မူသော အမျိုးအနွယ်ဖြစ်ကြသည်။ ဣသရေလ လူမျိုးများအားဖြင့် လူမျိုးတကာတို့သည် ကောင်းကြီးမင်္ဂလာခံရမည်ဟု ဘုရားသခင် ကတိပေးခဲ့သည်။ ထိုအကြောင်းကြောင့် ကျွန်ုပ်တို့၏ ကယ်တင်ရှင်သခင်ယေရှုသည် ဣသရေလ လူမျိုး၌ မွေးဖွားခဲ့သည်။




**မောရှေနှင့် ဘုရားသခင်၏ ပညတ်တော်** *(ထွက်မြောက်ရာကျမ်း ၁၉း၁-၂၅၊ ၃၄း၂၇-၃၂)*

မျိုးဆက်များစွာ ကျော်လွန်ပြီးနောက် ဣသရေလလူမျိုးများသည် အဲဂုတ္တုပြည်၌ ကျွန်ခံရပြီး ဆင်းရဲပင်ပန်းခြင်းဒဏ်ကို ခံစားကြရသည်။ ထိုအချိန်၌ မောရှေဟုခေါ်သည့် ကြီးမြတ်သော ဘုရားလူတစ်ဦး ဣသရေလလူမျိုး၌ မွေးဖွားခဲ့သည်။ သူသည် ဣဇာက်၏ အမျိုးအနွယ်မှ ဆင်းသက်လာသူဖြစ်သည်။ ဘုရားသခင်ကို ယုံကြည်နာခံသူဖြစ်သည်။ ဣသရေလလူမျိုးတို့အား ကျွန်ဘဝမှလွတ်မြောက်စေရန် သူ့ကို ကူညီမည်ဟု ဘုရားသခင်သည် မောရှေအား မိန့်တော်မူခဲ့သည်။ ဘုရားသခင်သည် မောရှေအားဖြင့် အံ့ဖွယ်နိမိတ်လက္ခဏာများစွာကို ပြုလုပ်ခဲ့သည်။ နိမိတ်လက္ခဏာများစွာပြုလုပ်ပြီးနောက် အဲဂုတ္တုလူမျိုးများသည် ဣသရေလလူမျိုးများကို လွတ်မြောက်ခွင့် ပေးကြသည်။ အဲဂုတ္တုပြည်မှ ထွက်သွားကြပြီးနောက် ဘုရားသခင်သည် မောရှေကို တောင်ပေါ်သို့ခေါ်ပြီး သူနှင့်အတူ စကားပြောကာ ဣသရေလလူမျိုးများကို သွန်သင်ပေးရမည့် ပညတ်တော်များကို ပေးအပ်ခဲ့သည်။ ကျောက်ပြားပေါ်၌ ဘုရားသခင်ရေးထွင်းထားသော ပညတ်တော်ကျောက်ပြားနှင့်အတူ မောရှေသည် တောင်ပေါ်မှဆင်းလာခဲ့သည်။ ထိုပညတ်တော်များကို လူတိုင်းလိုက်နာရန် ဘုရားသခင်အလိုတော်ရှိသည်။




**ပညတ်တော် (၁၀) ပါး** *(ထွက်မြောက်ရာကျမ်း ၂၀း၁-၁၇)*

မောရှေထံသို့ ဘုရားသခင်ပေးသော ပညတ်တော်များသည် အလွန်ကောင်းသည်။ ပညတ်တော်ကို လိုက်နာစောင့်ထိန်းသူတိုင်း ကောင်းကြီးမင်္ဂလာ ခံရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် စစ်မှန်သော ဘုရားသခင် တဆူတည်းကိုသာ နာခံကိုးကွယ် ချစ်မြတ်နိုးရမည်ဖြစ်သည်။ ထိုအရာများသည် ဘုရားသခင်၏ပညတ်တော်များဖြစ်သည်။ ရုပ်တုဆင်းတုကို ပြုလုပ်ခြင်း - ရှိခိုးခြင်းမပြုရ၊ ဘုရားသခင်၏ နာမတော်ကို အလွဲသုံးစား မလုပ်ရ၊ တစ်ပတ်တွင် တစ်ရက်ကို နားရက်နှင့် ဘုရားသခင်ကို ဝတ်ပြုသောနေ့အဖြစ် သတ်မှတ်ရမည်။ သားသမီးများသည် မိဘကို ရိုသေလေးစားရမည်။ လူ့အသက်မသတ်ရ၊ သူ့သားမယား မပြစ်မှားရ၊ မုသားဖြင့် လှည့်စားခြင်း မပြုရ။ သူတပါး၏ ဥစ္စာကို မခိုးယူရ၊ မတပ်မက်ရ။

၁၃




**အပြစ်အတွက် ယဇ်ပူဇော်ခြင်း** *(ဝတ်ပြုရာကျမ်း ၄း၂၇-၃၅၊ ယောဟန် ၁း၂၉)*
မောရှေခေတ်တွင် ဘုရားသခင်၏ ပညတ်တော်ကို ချိုးဖောက်လွန်ကျူးသောသူသည် တိရိစ္ဆာန်အားဖြင့် အပြစ်ဖြေရာယဇ်ကို ပူဇော်ရသည်။ အများအားဖြင့် ယဇ်ကောင်များမှာ သိုးနှင့် ဆိတ်တို့ဖြစ်သည်။ ထိုတိရိစ္ဆာန်များသည် ပညတ်တော်ကို ချိုးဖောက်သူ၏နေရာ၌ ကိုယ်စားအသေခံကြရသည်။ အပြစ်အတွက် အပြစ်မဲ့သော တိရိစ္ဆာန်သည် အသွေးသွန်း လောင်းရသည်။

၁၄



**ဘုရားသခင်၏ သိုးသူငယ်တော်**
*(ယောဟန် ၁း၂၉၊ ဗျာဒိတ် ၅း၈-၉၊ ၂ ကော ၅း၂၁၊ ဟေဗြဲ ၇း၂၆-၂၇ ၊ ၁ ပေတရု ၂း၂၄)*
သိုးသူငယ်သည် ပုံဆောင်ချက် သင်္ကေတဖြစ်သည်။ ပိုမိုကြီးမြတ်သော ယဇ်ပူဇော်ခြင်း ရောက်ရှိလာမည်ဖြစ်ကြောင်း ညွှန်ပြခြင်းဖြစ်သည်။ ကျွန်ုပ်တို့အပြစ်နှင့်တလောကလုံး၏ အပြစ်ကို ဆေးကြောပေးသော ယဇ်ကောင်အဖြစ် မိမိသားတော်ကိုစေလွှတ်ရန် ဘုရားသခင် အကြံအစည်ရှိခဲ့သည်။ သခင်ယေရှုသည် ကျွန်ုပ်တို့အတွက် အသေခံပေးမည့် ဘုရားသခင်၏ သိုးသူငယ်ဖြစ်သည်။ သူသည် ခြောက်ပြစ်ကင်းသဲလဲစင် အပြစ်ကင်းစင်သူ ဖြစ်သည်။ ကျွန်ုပ်တို့အပြစ်မှ ခွင့်လွှတ်ခြင်းရရှိနိုင်ရန် ကျွန်ုပ်တို့အပြစ်အတွက် အသွေးသွန်းလောင်းပေး ခဲ့သည်။ သူသည် ကျွန်ုပ်တို့ခံရမည့်ပြစ်ဒဏ်အတွက် ကိုယ်စားအသေခံပြီး၊ အပြစ်၏အဖိုးအခ ကို ပေးဆပ်ခဲ့သည်။




**ကယ်တင်ရှင်ပေးမည့် ကတိတော်** *(ရှင်လုကာ ၁း၂၆-၃၈၊ မဿဲ ၁း၁၈-၂၅)*

ကာလကြာမြင့်ပြီးနောက် ဘုရားသခင်သည် မိမိကောင်းကင်တမန်ကို အပျိုကညာမာရိထံသို့ စေလွှတ်ခဲ့သည်။ မာရိသည် ယောသပ်နှင့်လက်ထပ်ရန် စေ့စပ်ထားသူဖြစ်သည်။ ကောင်းကင်တမန်သည် မာရိအား "သင်သည် ကိုယ်ဝန်ဆောင်၍ သားယောကျ်ားကို ဖွားမြင်လိမ့်မည်" ထိုသားကို "ယေရှု" ဟူသောအမည်ဖြင့်မှည့်ရမည်ဟု ပြောခဲ့သည်။ ထိုအခါ မာရိက "မည်ကဲ့သို့ဖြစ်နိုင်မည်နည်း၊ ကျွန်မသည် ယောကျ်ားနှင့် မဆက်ဆံဖူးပါ"ဟု ပြန်ပြောခဲ့သည်။ ထိုအခါ ကောင်းကင်တမန်က "သန့်ရှင်းသောဝိညာဉ်တော်သည် သင့်အပေါ်သက်ရောက်ပြီး ဘုရားသခင်၏တန်ခိုးတော်သည် သင့်ကိုလွှမ်းမိုးလိမ့်မည်၊ ထိုသန့်ရှင်းသောသားကို ဘုရားသခင်၏သားတော်ဟု" ခေါ်ရမည်ဟု ပြန်ပြောခဲ့သည်။ ကောင်းကင်တမန်သည် ယောသပ်၏အိပ်မက်၌ သင်၏ ခင်ပွန်းမာရိသည် ကိုယ်ဝန်ဆောင်သော်လည်း ထိန်းသိမ်းရမည်အခွင့်ကို မစိုးရိမ်နှင့်။ ဤကိုယ်ဝန်သည် ဘုရားသခင်၏ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ဖြစ်သည်ဟု ပြန်ပြောခဲ့သည်။ သားယောကျ်ားကို ဖွားမြင်လိမ့်မည်။ ထိုသားကို ယေရှုဟူ၍ အမည်ပေးရမည်။"**ယေရှု**" ၏အဓိပ္ပါယ်မှာ '**ကယ်တင်ရှင်**' ဖြစ်သည်။ ထို့ကြောင့် ယောသပ်သည် မာရိကို လက်ထပ်သော်လည်း ယေရှု မဖွားမီတိုင်အောင် မာရိနှင့်အတူအိပ်ခြင်း မပြုခဲ့ပါ။




**သခင်ယေရှု ဖွားမြင်ခြင်း** *(ရှင်လုကာ ၂း၁-၂၀)*


ထိုကာလ၌ ရှင်ဘုရင်သည် လူတိုင်း မိမိမွေးဖွားရာဒေသ၌ အမည်စာရင်းပေးသွင်းရမည်ဟု အမိန့်ထုတ်ခဲ့သည်။ ယောသပ်နှင့်မာရိလည်း မိမိတို့မွေးဖွားရာဗက်လင်မြို့သို့ သွားကြသည်။ သူတို့ရောက်ရှိချိန်တွင် တည်းခိုရန် နေရာမရှိတော့ပေ။ ထို့ကြောင့် နွားတင်းကုပ်၌ တည်းခိုရကြသည်။ ထိုနေရာ၌ပင် မာရိသည် သူငယ်တော်ကို မွေးဖွားခဲ့သည်။ ထိုညတွင် သိုးထိန်းများသည် တော၌မိမိသိုးတို့ကို ထိန်းနေကြစဉ် ကောင်းကင်တမန်များ ထင်ရှားကာ " လူအပေါင်းတို့အား ဝမ်းမြောက်စရာသတင်းကို သင်တို့အား ကြားပြောရ၏။ ယနေ့တွင် သခင်ခရစ်တော်တည်းဟူသော ကယ်တင်ရှင်သည် သင်တို့အဘို့အလိုငှါ ဖွားမြင်ခြင်းကို ခံတော်မူပြီ" ဟု ကြားပြောကြသည်။ ထိုအခါ သိုးထိန်းများသည် "ယခု ဗက်လက်မြို့၌ ဖြစ်ပျက်သောအရာများကို သွားရောက်ကြည့်ရှုကြစို့" ဟု အချင်းချင်းပြောဆို၍ သွားကြ၏။ ထိုသို့သွားပြီးနောက် သူငယ်တော်ကို ဖူးမြင်ကြရပြီး မိမိတို့ မြင်သမျှကြားသမျှသော ထိုသူငယ်တော်၏ အကြောင်းကို အနှံ့အပြား ပြောဆိုကြသဖြင့် ကြားသမျှသောသူတို့သည် အံ့ဩကြသည်။

၁၇




**ဆရာဖြစ်သော သခင်ယေရှု** *(လုကာ ၂း၄၁-၅၂၊ မာကု ၆း၃၄၊ မဿဲ အခန်းကြီး ၅၊ ၆ နှင့် ၇)*
ယောသပ်နှင့်မာရိနေအိမ်၌ သခင်ယေရှု ကြီးပြင်းလာသည်။ သူငယ်တော် အသက် (၁၂)နှစ်အရွယ်ရောက်သောအခါ မိဘတို့သည် ယေရုရှလင်မြို့သို့ ခေါ်သွားကြသည်။ ယေရှုသည် ဘုရားသခင်နှင့် ပတ်သက်သောအကြောင်းအရာများကို ကျမ်းတတ်ပုဂ္ဂိုလ်များ၊ ဘာသာရေး ခေါင်းဆောင်ကြီးများနှင့်အတူ ဆွေးနွေးပြောဆိုသည်။ သူတို့ပြောသောအရာများကို နားထောင်ကာ သူတို့ကို မေးခွန်းထုတ်ခဲ့သည်။ ဘုရားသခင်နှင့်ပတ်သက်ပြီး သခင်ယေရှု၏ ဉာဏ်ပညာကြီးမားပုံကို ထိုသူတို့သည် အံ့သြကြသည်။ သက်တော်(၃၀)ရောက်သောအခါ ဘုရားသခင်၏အကြောင်းများကို သွန်သင်ဟောပြောခဲ့သည်။ များစွာသောသူတို့သည် သူ၏ သွန်သင်မှုကို ယုံကြည်ကာ နောက်တော်သို့ လိုက်ကြသည်။ အချို့တို့သည် မယုံကြည်ဘဲ ငြင်းပယ်ခဲ့ကြသည်။

၁၈



**သခင်ယေရှု၏ အံ့ဖွယ် နိမိတ်လက္ခဏာများ** *(မာ ၈း၂၂-၂၆၊ ၅း၃၅-၄၃၊ ၆း၄၅-၅၂၊ မဿဲ ၁၅း၃၀)*
သခင်ယေရှုသည် အလွန်တန်ခိုးကြီးမားလှပါသည်။ နိမိတ်လက္ခဏာများစွာ ပြုလုပ်ခဲ့သည်။ ဖျားနာသူများကို ကျန်းမာစေပြီး မျက်စိကန်းသူများကို မြင်စေခဲ့သည်။ သေသောသူများပင် သူ၏နှုတ်ထွက်စကားအားဖြင့် ပြန်လည်အသက်ရှင်လာကြသည်။ မုန်တိုင်းကိုငြိမ်းစေပြီး ရေပေါ်၌ လမ်းလျှောက်ခဲ့သည်။ ဤနိမိတ်လက္ခဏာများစွာကို မြင်တွေ့သောသူတို့သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ယုံကြည်ကြသည်။ သခင်ယေရှုပြောသောအရာနှင့် လုပ်ဆောင်သောအရာများကြောင့် သူတို့သည် အံ့သြကြရသည်။ သခင်ယေရှုသည် ကျွန်ုပ်တို့ကိုလည်း ကူမနိုင်သောတန်ခိုးရှိသည်။ သို့သော် ယုဒဘာသာရေးခေါင်းဆောင်များသည် သခင်ယေရှုကို မယုံကြည်ဘဲ သူ့ကို မနာလိုဖြစ်ခဲ့ကြသည်။ သူ့ကို အသေသတ်ရန်ကြံစည်ကြသည်။ ထိုအရာများသည် ကျွန်ုပ်တို့အပြစ်အတွက် ကိုယ်စားအသေခံပေးရန် သားတော်ကို စေလွှတ်ပေးမည်ဟူသော ဘုရားသခင်၏အကြံအစည်တော်ပင် ဖြစ်သည်။




**သခင်ယေရှု ဝေဒနာခံစားခြင်း** *(ရှင်ယောဟန် ၃း၁၆၊ မဿဲ ၂၇း၁၁-၃၁)*
သခင်ယေရှုသည် အံ့ဖွယ်အမှုများစွာကို ပြုလုပ်ပြီး လူများစွာသည် နောက်တော်သို့ လိုက်ကြသည်။ သို့သော် ယုဒဘာသာရေးခေါင်းဆောင်များသည် သခင်ယေရှုကို မနာလိုမုန်းတီးကြသည်။ ဘုရားသခင်စေလွှတ်သောသူဖြစ်ကြောင်း မယုံကြည်လိုကြပါ။ သူတို့သည် ဘုရားသခင်၏ပညတ်တော်ကို လွန်ကျူးသောအပြစ်သားများဖြစ်ကြောင်းကို ဝန်မခံလိုဘဲ ငြင်းပယ်ကြသည်။ ခေါင်းဆောင်များသည် သခင်ယေရှုကို အသေသတ်ရန် ကြံစည်ခဲ့ကြသည်။ ရောမစစ်သားများသည် အရေပြားများကွဲပြဲသည်အထိ ရိုက်နှက်ခဲ့ကြသည်။ ဆူးဖြင့်ရက်သော ဦးရစ်ကိုဆောင်းစေကြပြီး တံတွေးဖြင့်ထွေးကာ အမျိုးမျိုး ကဲ့ရဲ့လှောင်ပြောင်ခဲ့ကြသည်။ သခင်ယေရှုသည် ထိုသူအားလုံးကို ဖျက်ဆီးပစ်နိုင်သည့်တန်ခိုးရှိသော ဘုရားသားတော်ဖြစ်သော်လည်း ထိုသို့မပြုခဲ့ပါ။ အကြောင်းမှာ ဤအရာများသည် ဘုရားသခင်၏အကြံအစည်များဖြစ်ကြောင်း သိရှိသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့ကိုကယ်တင်ရန် ကြွဆင်းခဲ့သည်။ ကျွန်ုပ်တို့ကို အပြစ်မှကယ်တင်ရန် သူ၏အသွေးကို သွန်းရမည်ဖြစ်ကြောင်း သိရှိထားသည်။





**ယေရှုခရစ်တော် အသေခံခဲ့သည်**
*(မာကု ၁၅း၂၂-၃၉၊ လုကာ ၂၃း၃၃-၃၄၊ မာကု ၁၄း၃၄၊ ဟေဗြဲ ၁၂း၂၊ ၂ ကော ၁၅း၂၁)*
ရောမစစ်သားများသည် သခင်ယေရှုကို လက်ဝါးကပ်တိုင်ပေါ်တွင် သွေးသံရဲရဲဖြင့် ချိတ်ဆွဲထားကြသည်။ သခင်ယေရှုသည် လူများ၏ငြင်းပယ်ခြင်းကိုခံရသည်။ သူသည် ကျွန်ုပ်တို့အတွက်ကြောင့် အပြစ်ရှိသူဖြစ်လာရသောကြောင့် ခမည်းတော်ကပင် ကျောခိုင်းစွန့်ပစ်ခဲ့သည်။ ကျွန်ုပ်တို့လွန်ကျူးသောအပြစ်များအတွက် သခင်ယေရှုသည် အပြစ်ရှိသူအဖြစ် ကျွန်ုပ်တို့ကိုယ်စား အပြစ်ပေးခြင်းကို ခံခဲ့ရသည်။ သခင်ယေရှုသည် အလွန်စိတ်ဆိုးလိမ့်မည်ဟု သင်ထင်ကောင်းထင်ပါလိမ့်မည်။ သို့သော်လက်ဝါးကပ်တိုင်ပေါ် သွေးသံရဲရဲ ဆွဲထားခြင်းခံရစဉ်ပင် "အိုအဖ သူတို့ကိုခွင့်လွှတ်တော်မူပါ"ဟု ဆုတောင်းပေးခဲ့သည်။ သခင်ယေရှုသည် ဝမ်းမြောက်ခဲ့သည်။ အကြောင်းမှာ ကျွန်ုပ်တို့ကိုကယ်တင်ရန် အလိုရှိသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် အပြစ်သားများဖြစ်သောကြောင့် အပြစ်ဒဏ်ခံထိုက်သူများဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့အပြစ်ကို နောင်တရပါက ဘုရားသခင်ခွင့်လွှတ်မည်ဖြစ်သည်။

၂၁



**ရှင်ပြန်ထမြောက်ခြင်း။** (လုကာ ၂၃း၅၀ - ၂၄း၉)
ရန်သူများသည် သခင်ယေရှုကို အပြီးအပိုင် အနိုင်ယူဖျက်ဆီးကြပြီဟု ထင်မှတ်ခဲ့ကြသည်။ သို့သော် ထိုကဲ့သို့မဟုတ်ပါ။ ကားတိုင်ပေါ်၌ သခင်ယေရှုအသေခံပြီးနောက် မိတ်ဆွေများက သူ၏အလောင်းကို သင်္ချိုင်းတွင်းသို့ ထားကြပြီးနောက် သင်္ချိုင်းအဝင်ဝကိုကြီးမားသော ကျောက်တုံးကြီးဖြင့် ပိတ်ခဲ့ကြသည်။ သုံးရက်မြောက်သောနေ့၌ ကောင်းကင်တမန်များသည် ကျောက်တုံးကြီးကို လိမ့်လှန်ဖယ်ရှားပစ်ကြသည်။ သခင်ယေရှုသေခြင်းမှ ထမြောက်ခဲ့ပြီ။ ထုံးစံရှိသည့်အတိုင်း အမျိုးသမီးများသည် သခင်ယေရှု၏အလောင်းကို အမွှေးနံ့သာ လိမ်းပေးရန် သင်္ချိုင်းသို့ သွားခဲ့ကြသည်။ ပွင့်နေသော ဂူထဲ၌ သခင်ယေရှု၏ ရုပ်အလောင်းမရှိတော့သည်ကို မြင်တွေ့ခဲ့ကြသည်။ထိုခဏချင်းတွင် ကောင်းကင်တမန်နှစ်ပါး ထင်ရှားလာပြီး "ဤအရပ်၌မရှိ။ သူသည် ထမြောက်ပြီ" ဟု ပြောခဲ့ကြသည်။ ဟုတ်ပါသည်။ သခင်ယေရှု သေခြင်းမှထမြောက်ခဲ့ပြီ။ သူသည် စစ်မှန်သောဘုရားသခင်ဖြစ်ကြောင်း ပြသခဲ့ပြီ။ သခင်ယေရှုသည် ယနေ့ထိတိုင် အသက်ရှင်သောဘုရားဖြစ်သည်။ သခင်ယေရှုသည် စာတန်၊ အပြစ်နှင့်သေခြင်းတရားကို အောင်မြင်ခဲ့သည်။ အကယ်၍ သင်သည် သခင်ယေရှုကို ယုံကြည်လက်ခံပါက သေခြင်းတရားကို ကြောက်ရွံ့စရာမလိုဘဲ ထာဝရအသက်ကို ရရှိမည်။

၂၂



**သောမ ယုံကြည်ခြင်း** *(၁ကော ၁၅း၃-၈၊ တမန် ၂း၃၂၊ ၁း၄၀၊ ယောဟန် ၂၀း၁၉၃၁)*
သခင်ယေရှု သေခြင်းမှရှင်ပြန်ထမြောက်ပြီးနောက် လူပေါင်း(၅၀၀) အား တစ်ချိန်တည်းတွင် ထင်ရှားခဲ့ပြီးနောက် ရက်ပေါင်း(၄၀)အတွင်း အခြားသူများစွာကို ထင်ရှားပြခဲ့သည်။ သူ၏ထမြောက်ခြင်းကို သံသယမေးခွန်းထုတ်စရာမရှိပါ။ ရှင်းလင်းသောသက်သေ ရှိခဲ့ပြီ။ တပည့်တော်များထံ ထင်ရှားပြခဲ့သည်။ သူတို့နှင့်အတူ စကားပြောပြီး သူတို့နှင့်အတူ စားသောက်ခဲ့သည်။ တပည့်တော်များကို ထင်ရှားပြသချိန်၌ တပည့်တော်သောမသည် မရှိခဲ့သောကြောင့် လက်တော်နှင့် ခြေတော်၌သံရိုက်ရာတို့ကို လက်နှင့်မစမ်းရလျှင်ငါမယုံနိုင်ဟု သခင်ယေရှု၏ ထမြောက်ခြင်းကို သံသယရှိခဲ့သည်။ တစ်ပတ်လွန်ပြီးနောက် သခင်ယေရှုသည် ထင်ရှားပြီး သောမသည်လည်း ထိုအချိန်၌ ရှိခဲ့သည်။ သောမသည် ထမြောက်သောယေရှုကို မြင်သောအခါ "အကျွန်ုပ်၏အရှင် အကျွန်ုပ်၏ဘုရားသခင်ပါတကား" ဟု လျှောက်ဆိုခဲ့သည်။ ထိုအခါ ယေရှုက"သင်သည် မြင်သောကြောင့်ယုံကြည်၏။ ငါ့ကိုမမြင်ဘဲယုံကြည်သူသည် မင်္ဂလာရှိ၏" ဟု မိန့်တော်မူ၏။ ကျမ်းစာပြောသောအရာကို စိတ်ချပြီး သခင်ယေရှုကို ယုံကြည်လျှင် ထိုအရာကို ယုံကြည်ခြင်းဟုခေါ်ပါသည်။



## ကောင်းကင်ပေါ်သို့ တက်ကြွသွားခြင်း

*(တမန် ၁း၁-၁၁၊ မဿဲ ၂၈း၁၉၊ မာကု ၁၆း၁၅-၁၈၊ လုကာ ၂၄း၄၆-၄၈၊ ယောဟန် ၂၀း၂၁၊ တမန် ၁း၈)*

ထမြောက်ပြီး ရက်ပေါင်း (၄၀) ကြာသောအခါ သခင်ယေရှုကောင်းကင်ပေါ် တက်ကြွမည့် အချိန် ရောက်ရှိလာပါသည်။ ဆောင်ရွက်ရမည့်အရာများ ပြီးစီးခဲ့ပြီဖြစ်သည်။ တစ်နေ့ ပြန်ကြွလာမည်ဖြစ်ကြောင်း ကတိပေးခဲ့သည်။ သခင်ယေရှုက သူပြန်ကြွလာသည်တိုင်အောင် လုပ်ဆောင်ရမည့် အရာများကို တပည့်တော်များအား ပညတ်ခဲ့သည်။ "သင်တို့သွား၍လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျှက် ခမည်းတော်၊ သားတော်၊ သန့်ရှင်း သောဝိညာဉ်တော်၏ နာမ၌ ဗတ္တိဇံပေးကြလော့၊ သင်တို့အား ပေးသမျှသောပညတ်တော်တို့ကိုစောင့်ရှောက်စေခြင်းငှါ ဆုံးမသြဝါဒပေးကြလော့။" ဟု မိန့်တော်မူပြီး တပည့်တော်များ၏မျက်မှောက်၌ ကောင်းကင်သို့တက်ကြွသွားပြီးနောက် မိုးတိမ်မှုဖုံးကွယ်သွားလေသည်။ ကောင်းကင်တမန်နှစ်ပါးသည် ထင်ရှားပြီး သခင်ယေရှုသည် ပြန်လည်ကြွတော်မူမည်ဖြစ်ကြောင်း တပည့်တော်တို့ကို ကြားပြောကြသည်။ ယခု ယေရှုသည် ကောင်းကင်ဘုံတွင် ရှိနေသည်။သူ၏နောက်သို့ လိုက်သောသူများအတွက် ကောင်းကင်ဘုံ၌ နေရာအခန်း ပြင်ဆင်ပေးနေပါသည်။ သင်သည် သခင်ယေရှုကို ယုံကြည်လက်ခံပြီး သူ၏နောက်သို့ လိုက်မည်လော။ သူပြန်လည် ကြွလာသည့်အခါ သူ့အားတွေ့ဆုံနိုင်ရန် အဆင်သင့် ဖြစ်ပါမည်လော။



**ဘာမှမရှိတော့သည့် ကားတိုင်**

*(တိတု ၂း၁၄၊ ၁ပေတရု ၃း၁၈၊ ရောမ ၅း၈-၁၁၊ ရောမ ၁၀း၉)*

အဘယ့်ကြောင့် လက်ဝါးကပ်တိုင်ပေါ် သခင်ယေရှု အသေခံရသနည်း။ ကျွန်ုပ်တို့အပြစ်အတွက်ခံရမည့်အပြစ်ဒဏ်ကို သူ၏ခန္ဓာအားဖြင့် ကျွန်ုပ်တို့ကိုယ်စား အပြစ်ဒဏ်ခံယူခြင်းဖြစ်ကြောင်း သမ္မာကျမ်းစာက ဖော်ပြပါသည်။ ကျွန်ုပ်တို့ကို ရွေးနှုတ်ရန် (သို့) ကျွန်ုပ်တို့၏အပြစ်အတွက် ပေးချေရန်နှင့် ဘုရားသခင်ထံ ကျွန်ုပ်တို့ကို ပြန်လည်ပို့ဆောင်ရန် သခင်ယေရှု လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သမ္မာကျမ်းစာက ဖော်ပြထားပါသည်။ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားက အပြစ်အတွက် အပြစ်ပေးစီရင်ရန် တောင်းဆိုသောကြောင့် သခင်ယေရှုသည် ကျွန်ုပ်တို့ကိုယ်စား အပြစ်ပေးခံခဲ့ရသည်။ အကြောင်းမှာ ကျွန်ုပ်တို့ကိုချစ်တော်မူသောကြောင့် ဖြစ်သည်။ ဘုရားသခင်နှင့်ကင်းကွာစေသောအရာကို သခင်ယေရှု၏အသေခံခြင်းအားဖြင့် ဖယ်ရှားပေးပြီဖြစ်ကြောင်း လက်ဝါးကားတိုင်သည် ကျွန်ုပ်တို့ကို အသိပေးပါသည်။ သို့သော် သခင်ယေရှုသည် အပြစ်မရှိခဲ့ပါ။ ကျွန်ုပ်တို့ခံထိုက်သော အပြစ်စီရင်ခြင်းကို ကိုယ်စားခံယူပြီး သူ့အသွေးတော်သွန်းလောင်းကာ ကျွန်ုပ်တို့အတွက်အပြစ်လွှတ်ခြင်းကို ပြုလုပ်ပေးခဲ့သည်။ ထိုအရာသည် အံ့ဖွယ်မေတ္တာတော်ဖြစ်ပါသည်။



## လမ်းနှစ်သွယ်

*(မဿဲ ၇း၁၃-၁၄၊ ရောမ ၅း၁၂၊ ဆာလံ ၅၁း၅၊ ရောမ ၃း၂၃၊ ၆း၂၃၊*
*တိတု ၃း၅၊ ဧဖက် ၂း၈-၉၊ ယောဟန် ၁၄း၆၊ ယောဟန် ၃း၁၆)*

ကျွန်ုပ်တို့အသက်ရှင်စဉ် ရွေးချယ်လျှောက်လှမ်းရမည့်လမ်းနှစ်သွယ်ရှိကြောင်း သမ္မာကျမ်းကဖော်ပြပါသည်။ ကျယ်သောလမ်းသည် ထာဝရသေခြင်းနှင့်အပြစ်စီရင်ခြင်းသို့ ဦးတည်ခေါ်ဆောင်ပြီး ကျဉ်းသောလမ်းမူကား၊ ထာဝရအသက်နှင့်ဝမ်းမြောက်ခြင်းသို့ ဦးတည်ခေါ်ဆောင်ပါသည်။ ကျွန်ုပ်တို့အားလုံးသည် ကျယ်သောလမ်းကို အစပြုရွေးချယ်ခဲ့ကြပြီး အပြစ်ငရဲသို့ ဦးတည်သွားနေသူများဖြစ်ကြသည်။ အကြောင်းမှာ လူသားအားလုံး၏ဖခင်ဖြစ်သောအာဒံအားဖြင့်အပြစ်ရှိသူများဖြစ်ကြရပြီး အပြစ်ကျိန်ခြင်းကို အမွေဆက်ခံကြသည်။ လူသည်အပြစ်သားအဖြစ်မွေးဖွားပြီး ငရဲသွားမည့်သူများဖြစ်ကြသည်။ သခင်ယေရှုသည် လမ်းခရီးဖြစ်သည်။ကျဉ်းသောလမ်းသည် ထာဝရအသက်ရှင်ရာကောင်းကင်ဘုံသို့ ပို့ဆောင်သည်။ ထိုအရာသည် ကျေးဇူးတော်ဖြစ်ပြီး ဘုရားသခင်ပေးသော အခမဲ့လက်ဆောင်ဖြစ်သည်။ ထိုအခမဲ့လက်ဆောင်ကို မိမိကြိုးစားမှုအားဖြင့် မရရှိနိုင်ပါ။ ထိုအခမဲ့လက်ဆောင်ကို ရရှိနိုင်သောနည်းလမ်းတစ်ခုသာရှိပြီး သခင်ယေရှုကိုယုံကြည်စိတ်ချခြင်းသာဖြစ်သည်။ ကျဉ်းသောတံခါးကိုဝင်ရန် သခင်ယေရှုမိန့်တော်မူသည်။ ရုပ်ပုံတွင် ကျဉ်းသောတံခါးအပေါ်၌ လက်ဝါးကပ်တိုင်စိုက်ထူထားသည်ကိုမြင်တွေ့ရမည်ဖြစ်သည်။ ကျွန်ုပ်တို့နောင်တရပြီး မိမိအပြစ်ကိုကျောခိုင်းကာ သခင်ယေရှု လက်ဝါးကပ်တိုင်ပေါ် အသေခံပေးခြင်းကို ယုံကြည်သောအခါကျဉ်းသောတံခါးသို့ဝင်ရောက်ဖြစ်ကြသည်။ သမ္မာကျမ်းစာ၌ ရှင်ယောဟန် ၃း၁၆ တွင် "ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်ဆီးခြင်းသို့ မရောက်ထာဝရအသက်ကို ရစေခြင်းငှါ ဘုရားသခင်သည် မိမိ၌တပါးတည်းသော သားတော်ကိုစွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏"ဟူ၍ ဖော်ပြထားပါသည်။



**အပြစ်၏အခ သေခြင်းနှင့်အပါယ်ငရဲ**

*(၂ သက်သာလောနိတ် ၁း၈-၉၊ မဿဲ ၂၅း၄၁၊*
*ဗျာဒိတ် ၁၄း၁၁၊ ဟေဗြဲ ၉း၂၇၊ ယောဟန် ၃း၃၆)*

များစွာသောလူတို့သည် အပြစ်ကို မကျောခိုင်းလိုကြပါ။ ကောင်းကင်ဘုံလမ်းသည် ထိုသူတို့အတွက် ကျဉ်းမြောင်းလွန်းပါသည်။ ငရဲ၌ပျက်ဆီးမည့် ကျယ်သောလမ်းကိုသာ လိုက်ကြပါသည်။ သမ္မာကျမ်းစာက ဖော်ပြသည်မှာ လူ့ဘ၀သည် တိုတောင်းလှသည်။ လူသားအားလုံး သေခြင်း၌ တစ်နေ့လမ်းဆုံးကြရမည်။ ကျွန်ုပ်တို့သည် အခြားသူထက် အရင်သေနိုင်သည်။ သေပြီးလျှင် တရားစီရင်ခြင်း ကြုံတွေ့ရမည်ဖြစ်သည်။ သခင်ယေရှုကို ယုံကြည်လက်ခံခြင်း မရှိပါက သင်၏နောက်ဆုံး အသက်ရှူသံနှင့်နှလုံးခုန်သံကိုကြားရသည့် အချိန်တွင် ဘုရားသခင်၏ ခွင့်လွှတ်ခြင်းနှင့်ကရုဏာတော်ကို မျှော်လင့်ခွင့် ရရှိမည်မဟုတ်တော့ဘဲ ကန့်နှင့်လောင်သောငရဲမီးအိုင်ထဲသို့ အပြစ်စီရင်ခြင်းကို ခံရမည်သာဖြစ်သည်။ သမ္မာကျမ်းစာ၌ ရှင်ယောဟန် ၃း၃၆ တွင် "သားတော်ကို ယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏ သားတော်ကို ပယ်သောသူမူကား အသက်ကိုမတွေ့ရ။ ထိုသူ၏အပေါ်၌ဘုရားသခင်၏ အမျက်တော်တည်သည်" ဟု ဖော်ပြထားပါသည်။မည်သည့်လမ်းကို ရွေးချယ်မည်နည်း။ ယခုပင် ဘုရားသခင်ထံ ချဉ်းကပ်ဝန်ခံပါ။ "အိုဘုရားသခင်! ကိုယ်တော်သည် ကြီးမြတ်သန့်ရှင်းတော်မူသည်။ ကျွန်ုပ်သည် အပြစ်ရှိသူဖြစ်ကြောင်း ဝန်ခံပါ၏။ သခင်ယေရှု သည် ကျွန်ုပ်အပြစ်အတွက် လက်ဝါးကပ်တိုင်ပေါ်၌ အသေခံပေးကြောင်း ယုံကြည်ပါ၏။ကျွန်ုပ်ကို ခွင့်လွှတ်တော်မူပါ။ ကျွန်ုပ်အပြစ်အားလုံးကို သန့်ရှင်းစေပြီး ကိုယ်တော်၏သား ဖြစ်စေပါ။ သခင်ယေရှုလျှောက်သောလမ်းကို လိုက်လျှောက်လိုပါ၏၊သေလွန်သောအခါ၌လည်း ကိုယ်တော်နှင့်အတူ ကောင်းကင်ဘုံ၌ စံမြန်းလိုပါ၏။ ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။



**ယုံကြည်သောသူသည် ဘုရားသခင်၏သားသမီးဖြစ်သည်။**

*(ယောဟန် ၆း၃၇-၄၀၊ ၁၄း၆ ၊ ဗျာဒိတ်ကျမ်း ၇း၉၊ ရောမ ၈း၁-၂၊ ယောဟန် ၁း၁၂၊ ရောမ ၁း၁၆၊ လုကာ - ၁၃း၃၊ ယောဟန် ၃း၁-၁၁၊ ရောမ ၆း၄၊ ၂ကော ၅း၁၇)*

ဤပုံတွင် သခင်ယေရှုကို တွေ့မြင်နိုင်ပါသည်။ သူသည် လူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံ စုံတို့ကို ကြိုဆိုဖိတ်ခေါ်နေပါသည်။ သူတို့သည် သခင်ယေရှုကိုယုံကြည်ပြီး ဘုရားသခင်၏ သားသမီးများ ဖြစ်လာကြသည်။ ထိုသူတို့သည် ကောင်းကင်ဘုံသွားရာ ကျဉ်းသောလမ်းပေါ်တွင် ရှိနေကြသည်။ သူတို့၏ အပြစ်အတွက်စီရင်ခြင်းမခံရတော့ဘဲ လက်ဝါးကပ်တိုင်၌ သခင်ယေရှုသွန်းလောင်းသော အသွေးတော်အားဖြင့် ဆေးကြောသန့်ရှင်းခံရသူများ ဖြစ်ကြသည်။ ကြီးမားသောမိသားစုဝင်အဖြစ် ဘုရားသခင်သည် သူတို့ကို မွေးစားလိုက်ပါသည်။ ထိုသူတို့တွင် ဆင်းရဲ-ချမ်းသာ၊ လူဖြူ-လူမည်း၊ ယောကျ်ား-မိန်းမ၊ ကလေး-လူကြီး အမျိုးမျိုး ရှိကြသော်လည်း သခင်ယေရှုကိုယုံကြည်သောကြောင့် တလုံးတဝဖြစ်ကြပါသည်။ မိတ်ဆွေ! သင်သည် နောင်တရပြီး သခင်ယေရှုကို ယုံကြည်သောအခါ ဘုရားသခင်သည် သင့်ကိုခွင့်လွှတ်တော်မူမည်။ ဘုရားသခင်၏ မိသားစုဝင်အဖြစ် ဒုတိယမွေးခြင်းကို ခံရပြီး ကောင်းကင်ဘုံ၌ ထာဝရအသက်ကတိတော်ကို ရရှိမည်ဖြစ်သည်။ ပထမမွေးခြင်းသည် ရုပ်ခန္ဓာမွေးခြင်း ဖြစ်သည်။သို့သော် ဒုတိယမွေးသောအခါ ဘုရားသခင်အားဖြင့် ဝိညာဉ်မွေးခြင်း ဖြစ်သည်။ ပြီးနောက် အသစ်သောစိတ်နလုံးကို ရရှိမည်ဖြစ်သည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် သင်၏အထဲ၌ ဝင်ရောက်ကျိန်းဝပ်လာသည်။ ဘုရားသခင်သည် သင့်ကိုဘယ်တော့မှ စွန့်ပစ်မည်မဟုတ်ကြောင်း ကတိပေးတော်မူသည်။ သင်သည် ယခု ဘုရားသခင်၏ မိသားစုဝင်တစ်ဦးဖြစ်ပြီး၊ ထာဝရကယ်တင်ခြင်းခံရသူဖြစ်သည်။




**ရုပ်ပုံ (၂၈) သခင်ယေရှု ပြန်လည်ကြွလာခြင်း** *(ယောဟန် ၁၄း၁-၃၊ ၁ သက်သာလောနိတ် ၄း၁၃ - ၅း၄၊ မာကု ၁၃း၂၆-၂၇၊ တမန်တော် ၁း၉-၁၁)*
သခင်ယေရှုသည် သူကတိထားခဲ့သည့်အတိုင်း ကောင်းကင်ဘုံမှ မြေကြီးပေါ်သို့တဖန် ဆင်းသက်ကြွလာမည်ဟု သမ္မာကျမ်းစာ၌ ဖော်ပြပါသည်။ လူတို့ မထင်မှတ်သောအချိန်တွင် လျှပ်တပြက်ကြွလာမည်ဖြစ်သည်။ သေလွန်ပြီးသောယုံကြည်သူများသည် သူတို့၏ သင်္ချိုင်းများမှ ထမြောက်ပြီး သခင်ယေရှုနှင့်ဆုံတွေ့ကြမည်။အသက်ရှင်လျှက်ရှိနေသူများသည်လည်း အာကာသကောင်းကင်၌ သခင်ယေရှုနှင့်ဆုံတွေ့ကြမည်။ သခင်ယေရှုနှင့်အတူ ကောင်းကင်ဘုံ၌ အမြဲထာဝရ နေရကြမည်။ မယုံကြည်သောသူများသည် မြေကြီးပေါ်တွင် ကျန်ရစ်ကာ ဘုရားသခင်၏ တရားစီရင်ခြင်းကို ပြင်းစွာခံစားကြရမည်ဖြစ်သည်။ မည်သည့်အချိန်တွင် သခင်ယေရှုကြွလာမည်ကို ကျွန်ုပ်တို့မသိသော်လည်း အမြဲအဆင်သင့် ပြင်ဆင်လျှက် စောင့်မျှော်ကြရမည်ဖြစ်သည်။

**<u>သင့်ဘဝအတွက် အရေးကြီးဆုံးသော မေးခွန်း!</u>**
တမလွန်၌ ဘယ်နေရာရောက်မည်ကို သိပါသလား။ သခင်ယေရှုပြန်လည်ကြွလာသည့်အခါ သူနှင့်အတူ ထာဝရရှိနေမည်လော။ သခင်ယေရှုကို ယုံကြည်စိတ်ချရန် ယနေ့ အဆင်သင့်ဖြစ်ပါသလား။

သခင်ယေရှုကို ယုံကြည်လက်ခံပါက christforburma@gmail.com သို့ လိပ်မူပြီး ကျွန်ုပ်တို့ကို ဆက်သွယ်အကြောင်းကြားပါ။ သင်၏ အသက်တာသစ်၌ ချစ်ခြင်းနှင့်ဝမ်းမြောက်ခြင်းကို အတူတကွ မျှဝေခံစားလိုပါသည်။

အကယ်၍ သင်သည် သခင်ယေရှုကို သင်၏ ကယ်တင်ရှင်အဖြစ်လက်ခံပါက ဤစာစောင်၌ ဖော်ပြထားသော "ဗတ္တိဇံမင်္ဂလာနှင့် ခရစ်ယာန်အသက်တာအသက်ရှင်ခြင်း" ကို ဆက်လက်လေ့လာပါ။ သင်၏အသစ်သောယုံကြည်ခြင်းအတွက် ကျွန်ုပ် ကူညီတည့်မတ်ပေးပါမည်။ သင့်အား ဘုရားသခင်ကောင်းကြီးပေးပါစေ။

# ဗတ္တိဇံမင်္ဂလာနှင့် ခရစ်ယာန်အသက်တာ




## ယုံကြည်သောသူများသည် ဗတ္တိဇံကို ခံကြသည်။

*(မဿဲ ၂၈း၁၉-၂၀၊ မာကု ၁၆း၁၅-၁၆၊ တမန် ၂း၃၈၊ ရောမ ၆း၃-၅၊ ၁ ပေတရု ၃း၂၀-၂၁)*

နောက်ဆက်တွဲ ခရစ်ယာန်အသက်တာမှာ ဗတ္တိဇံမင်္ဂလာဖြစ်ပြီး ရေ၌နှစ်ခြင်းခံခြင်းဖြစ်သည်။ ဗတ္တိဇံသည် ဘုရားသခင်၏အမိန့်တော်ကိုနာခံကြောင်းသက်သေပြလုပ်ဆောင်ခြင်းဖြစ်သည်၊ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို လူရှေ့၌ ထုတ်ဖော်ဝန်ခံခြင်းဖြစ်သည်။ ဗတ္တိဇံမင်္ဂလာသည် ခရစ်တော်၌ လူသစ်ဖြစ်ခြင်း၏ ပုံသာဓကဖြစ်သည်။ ခရစ်တော် အသေခံခဲ့သည်။ သင်္ဂြိုလ်ပြီး သုံးရက်မြောက်သောနေ့၌ သေခြင်းမှ ထမြောက်ခဲ့သည်။ ထိုနည်းအတိုင်း ဗတ္တိဇံဟူသည်မှာ အပြစ်နှင့်ဆိုင်သောအရာ၌သေ၍ အသွေးတော်အားဖြင့် သန့်ရှင်းခြင်းရောက်ပြီး၊ လူဟောင်းကို ခရစ်တော်နှင့်အတူသင်္ဂြိုလ်ကာ ဘုရားသခင်၏သားသမီးအဖြစ် အသစ်သောအသက်၌ ပြန်ရှင်ခြင်းဖြစ်သည်။ သခင်ယေရှု ကတိထားသည်အတိုင်း နောက်ဆုံးသောနေ့၌ ရှင်ပြန်ထမြောက်ပြီး ထာဝရအသက်ရှင်ရမည်ဟူသော ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ပြသခြင်းပင်ဖြစ်သည်။




## ယုံကြည်သူများသည် အလင်း၌ သွားလာကြသည်

*(ယောဟန် ၃း၁၉-၂၁၊ ၈း၁၂။ ၁ယောဟန် ၁း၅-၇)*


သခင်ယေရှုကို မယုံကြည်မီအသက်တာသည် ပုံတွင်ဖော်ပြထားသည့်အတိုင်း အမှောင်ထဲ၌ သွားလာသူကဲ့သို့ ဖြစ်ပါသည်။ လမ်းပြပေးမည့် အလင်းမရှိသောကြောင့် ကြိမ်ဖန်များစွာ ခလုတ်တိုက် လဲကျလျှက် ရှိပါသည်။သခင်ယေရှုကို ယုံကြည်လက်ခံသောအချိန်မှစ၍ နေအလင်းထွန်းလင်းသောနေ့၌ သွားလာသောသူကဲ့သို့ ဖြစ်လာကြသည်။ လမ်းကြမ်းသော်လည်း ချော်လဲခြင်းမရှိပါ။ သခင်ယေရှုက "ငါသည် လောက၏အလင်းဖြစ်၏၊ ငါ့နောက်သို့ လိုက်သောသူသည် မှောင်မိုက်၌မသွားမလာ" ဟု မိန့်တော်မူသည်။ သူ၏ နည်းလမ်းအတိုင်း လမ်းပြဦးဆောင်ပေးမည့် သန့်ရှင်းသောဝိညာဉ်တော်ကို ယုံကြည်သူအားလုံးကို ပေးထားပါသည်။




**ယုံကြည်သူများသည် ယေရှုကိုသာ ကိုးကွယ်ကြသည်။ သူသာလျှင် တန်ခိုးရှင်ဖြစ်သည်။**

*(တမန်တော် ၁၉း၁၈-၂၀၊ ဆာလံ ၁၁၅း၄-၈၊ ထွက်မြောက် ၂၀း၃-၅၊ ၁ ယောဟန် ၃း၈၊ ၄း၄)*


ပုံ၌ ဖော်ပြထားသောလူများသည် သူတို့၏ရုပ်တုနှင့်မှားယွင်းသောဘုရားများကိုမီးရှို့ဖျက်ဆီးပစ်ကြသည်။ စာတန် ကိုးကွယ်ခြင်းအတွက် အသုံးပြုခဲ့ကြသော်လည်း ယခု သခင်ယေရှု၏ နောက်လိုက်များ ဖြစ်ကြသည်။ ယေရှု နောက်လိုက်သောသူသည် နတ်ဆိုးဝိညာဉ်များကို မကိုးကွယ်ရပါ။ နတ်ဆိုးများကို ကြောက်ရွံ့ပြီး ပူဇော်ပသရန်လည်း မလိုအပ်တော့ပါ။ ယေရှုဘုရားသည် စာတန်ထက် သာ၍တန်ခိုး ကြီးမားလှပါသည်။ ယုံကြည်သူများသည် စာတန်နတ်ဆိုးများ၏ချည်နှောင်သမျှအားလုံးကို ဖယ်ရှားပစ်ရမည်ဖြစ်သည်။ သခင်ယေရှုကို တောင်းလျှောက်ပါက ၎င်းတို့၏အန္တရာယ်မှ ကွယ်ကာစောင့်ရှောက်ပေးမည်ဖြစ်သည်။




**ယုံကြည်သူများသည် လူသစ်များဖြစ်ကြသည်။**

*(ဂလာတိ ၅း၁၆-၂၆၊ ဖေက် ၄း၂၂-၃၂၊ ၂ ကော ၅း၁၇၊ ရောမ ၆း၁-၄)*

သခင်ယေရှုနောက်တော်လိုက်သောသူတိုင်းသည် လူသစ် ဖြစ်လာကြသည်။ သူ၏စိတ်နှလုံးအသစ်ပြောင်းလဲသွားသည်။ ဘုရားသခင်ကို နာခံလိုသည်။ သူ၏အပြစ်ကိုခွင့်လွှတ်ပြီး အသက်တာသစ်ကို ပေးသောကြောင့် ဘုရားသခင်အပေါ် ကျေးဇူးတင်သည်။ ဘုရားသခင်မနှစ်သက်သောအရာများကို ပြုလုပ်လိုသော ဆန္ဒမရှိတော့ပါ။ ထို့အပြင် ယေရှုခရစ်တော်၏ မဟာတန်ခိုးတော်အားဖြင့် အပြစ်၏ထိန်းချုပ်အုပ်စိုးမှုမှ လွတ်မြောက်လာသည်။ထို့ကြောင့် ယေရှုခရစ်ကိုယုံကြည်သူများသည် အပြစ်၌ အသက်မရှင်ကြတော့ပါ။ ရန်ပွားခြင်းနှင့် သူများသားမယားပြစ်မှားခြင်းများကို မပြုလုပ်ကြတော့ပါ။ ခိုးယူခြင်း ၊ ရုပ်တုကိုးကွယ်ခြင်းနှင့် အခြားဘုရားကို ကိုးကွယ်ခြင်းလည်း မပြုလုပ်ကြတော့ပါ။ မကောင်းသောအရာများကို ကျောခိုင်းပြီး ကောင်းသောအမှုများကို လုပ်ဆောင်နိုင်ရန် ယုံကြည်သူများကို သန့်ရှင်းသော ဝိညာဉ်တော်က တန်ခိုးပေးလျှက်ရှိပါသည်။ ယုံကြည်သူများသည် ပြည့်စုံသူများမဖြစ်ကြသေးသောကြောင့် အမှားလုပ်မိတတ်သည်။ အမှားလုပ်မိသည့်အခါ ဝမ်းနည်းပြီး ထိုအမှားအတွက် ခွင့်လွှတ်ခြင်းတောင်းခံသောအခါ ဘုရားသခင်သည် သူတို့ကို ခွင့်လွှတ်တော်မူသည်။




**ယုံကြည်သူများသည် အသီး သီးကြသည်** *(မဿဲ ၇း၁၅-၂၀၊ ဂလာ ၅း၂၂-၂၅၊ ယောဟန် ၁၅း၁-၈)*

ရုပ်ပုံ၌တွေ့ရသောအပင်သည် အသီးများစွာ သီးသည်။ သခင်ယေရှုက "ငါသည်စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည် အခက်များဖြစ်ကြ၏။ အကြင်သူသည် ငါ၌တည်၍ငါသည်လည်း သူ၌တည်၏၊ ထိုသူသည် များစွာသောအသီးကို သီးတတ်၏။ ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှ မပြုနိုင်ကြ" ဟု မိန့်တော်မူ၏။ သခင်ယေရှုနောက်လိုက်သောအခါ အသီးသီးလိုသူများဖြစ်ရန် သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၌ အလုပ်လုပ်လျှက်ရှိသည်။ သမ္မာကျမ်းစာ၌ ဖော်ပြထားသော ဘုရားသခင် ဝိညာဉ်တော်၏ အသီးများမှာ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ သီးခံခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်းနှင့် ကာမဂုဏ်ချုပ်တည်းခြင်းများဖြစ်ကြသည်။ အသီးအားဖြင့် အပင်၏သဘောကို သိရကြမည်ဟု သမ္မာကျမ်းစာ၌ ဖော်ပြထားသည်။သခင်ယေရှုနောက်သို့ လိုက်သောသူသည် အသီးများစွာ သီးရမည်ဖြစ်သည်။





**ယုံကြည်သူများသည် မိမိရန်သူကို ချစ်ကြသည်**

*(မဿဲ ၅း၄၃-၄၈ လုကာ ၁၀း၂၅-၃၇၊ ရောမ ၁၂း၂၀-၂၁)*


လူအားလုံးကို ချစ်ရန် တပည့်တော်များကို သခင်ယေရှုသွန်သင်ပေးသည်။ ရန်သူကိုပင် ချစ်ရမည်ဖြစ်သည်။ သခင်ယေရှုသည် ခရီးသည်တစ်ဦးပုံဥပမာအကြောင်း ပြောပြခဲ့သည်။ ဓားပြများသည် သူ့အားလုယက်ပြီး သေလုမတတ်ရိုက်နက်ကြသည်။ ဒဏ်ရာရနေသော ထိုလူကို လူမျိုးခြားတစ်ဦးက မြင်သောအခါ ကူညီပြုစုပေးခဲ့သည်။ ထိုနည်းတူ ကျွန်ုပ်တို့သည်လည်း အကူညီလိုအပ်သောသူတိုင်းကို ကြင်နာပေးရမည်ဟု သခင်ယေရှုသွန်သင်ထားသည်။ ဘာသာခြား၊ လူမျိုးခြား၊ ကျွန်ုပ်တို့ မနှစ်သက်သောသူ၊ ကျွန်ုပ်တို့ကိုလှည့်ဖြားသူကိုပင် ကူညီကြင်နာရမည်ဖြစ်သည်။

၃၇



**ယုံကြည်သူများသည် စုံစမ်းခြင်းကို ရင်ဆိုင်တိုက်လှန်ရမည်ဖြစ်သည်။**
*(၁ပေတရု ၅း၈၊ ယောဟန် ၈း၄၄၊ ၁ တိမော ၆း၆-၁၀၊ ၁ ကော ၁၀း၁၃-၁၄၊ ယာကုပ် ၄း၇)*
ဘုရားသခင်၏သားသမီးများကို စာတန်မာရ်နတ်က အမြဲစုံစမ်းနှောက်ယှက်လေ့ရှိသည်။ သခင်ယေရှုနောက်တော်လိုက်ခြင်းမှ ရပ်တန့်စေလိုသည်။ စာတန်သည် ယုံကြည်သူများကို ငွေကြေး၊ ကျော်ကြားမှု၊ ဆေးလိပ်မူးယစ်ဆေးဝါးအမျိုးမျိုးနှင့် စာရိတ္တဖေါက်ပြန်ခြင်းအားဖြင့် စုံစမ်းသွေးဆောင်သည်။ ၎င်းအရာများသည် ကောင်းမွန်သော ပျော်ရွှင်မှုကို ပေးနိုင်သည်ဟု ယုံကြည်စေလိုသည်။ စာတန်သည် လှည့်ဖြားသောသူဖြစ်ပြီး ဘုရားသခင်ကို ပုန်ကန်သော သူများဖြစ်ရန် ကျွန်ုပ်တို့ကို လှည့်စားလိုသည်။ စာတန်၏ စုံစမ်းသွေးဆောင်ခြင်းကို ရင်ဆိုင်အောင်မြင်နိုင်ရန် သခင်ဘုရားထံ ခွန်အားတောင်းခံပါ။ သခင်ယေရှုကိုယုံကြည်ပြီး သူ၏နောက်ကိုသာ လိုက်ပါက စာတန်၏တန်ခိုးကို ရင်ဆိုင်အောင်မြင်နိုင်သောခွန်အားကို သခင်ယေရှုက သင့်ကို ပေးသနားမည်ဖြစ်သည်။

၃၈



**ယုံကြည်သူ ဒုစရိုက်ပြုမိလျှင်** *(၁ယောဟန် ၁း၇-၉၊ ရောမ ၆း၁-၂)*
ယုံကြည်သူများ၏ အပြစ်၏ကျေးကျွန်များ မဟုတ်ကြတော့ပေ။ (အပြစ်သည် ကျွန်ုပ်တို့၏ သခင်မဟုတ်တော့ပါ) သို့သော် အမှားပြုလုပ်မိနိုင်ကြောင်း သမ္မာကျမ်းစာက ဖော်ပြထားသည်။ သမ္မာကျမ်းစာက ကျွန်ုပ်တို့ကိုပြောသည်မှာ အပြစ်မရှိဟု ဆိုလျှင် သစ္စာတရားကို မကျင့် မသာသုံးသောသူများဖြစ်သည်။ ကျွန်ုပ်တို့အားလုံး အမှားပြုလုပ်မိကြမည်ဖြစ်သည်။ မယုံကြည်သောသူသည် အပြစ်၌ကျင်လည်ပြီး အပြစ်သည် သူ့ဘဝ၏ အကျင့်ဓလေ့ကဲ့သို့ ဖြစ်သည်။ ထိုသူတို့အတွက် အပြစ်သည်သဘာဝဖြစ်ပြီး အပြစ်၌မွေ့လျော်သည်။ သို့သော် နောင်တနလုံးသားနှင့် ဒုတိယမွေးခြင်းခံသော ယုံကြည်သူခရစ်ယာန်များသည် အပြစ်၌ အသက်မရှင်ကြတော့ပါ။ ယုံကြည်သူအပြစ်လုပ်မိသောအခါ ဝမ်းနည်းစွာနောင်တ ရကာ ခွင့်လွှတ်ခြင်းကို တောင်းခံသည်။ အံ့ဖွယ်ကောင်းလှသောအရာမှာ ကျွန်ုပ်တို့နောင်တရသော အခါ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုခွင့်လွှတ်ပြီး ဒုစရိုက်ရှိသမျှမှ ကင်းစင်စေမည်ဖြစ်သည်။




**ခရစ်ယာန်မိသားစု** *(ဖေက် ၅း ၂၁ ၊ ၁ပေတရု ၃း၁-၉)*
သခင်ယေရှု၏ လမ်းတော်၌ အမှန်လျှောက်လှမ်းသော မိသားစုတွင် ခင်ပွန်းက မိမိဇနီးသည်ကို အလွန်ချစ်ပြီး၊ ဇနီးသည်က ခင်ပွန်းသည်ကို ရိုသေလေးစားသည်။ ထိုအရာမှာ ဘုရားသခင်၏ နှုတ်ကပတ်တော် သွန်သင်ချက်ပင်ဖြစ်သည်။ ဇနီးမောင်နှံသည် တစ်ဦးနှင့်တစ်ဦး အားပေးကူညီ ထောက်မကြရသည်။ သားသမီးများကိုလည်း ဘုရားသခင်ကိုချစ်ပြီး နာခံသူများဖြစ်ရန် သွန်သင်ကြသည်။ ဘုရားသခင်ကို ရိုသေလေးမြတ်သောမိသားစုသည် ဆုတောင်းခြင်းကို အတူတကွ လုပ်ဆောင်ကြသည်။




**ခရစ်ယာန်များနှင့် ဖျားနာခြင်း/သေဆုံးခြင်း** *(ကမ္ဘာ ၃း၁၄-၂၁၊ ရော ၈း ၂၀-၂၂၊၂၈၊ ယောဘ ၁၄း၁၊ ဖိလိ ၄း၆-၇၊ ယာ ၅း၁၃-၁၆၊ ဟေဗြဲ ၁၃း၅၊ ရော ၈း၃၈-၃၉၊ ဗျာ ၂၁၊ ၂၂၊ ဗျာ ၁၄း၁၃၊  ၁ သက် ၄း၁၃-၁၈)*
အပြစ်ကြောင့် ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာသည် ဖျားနာခြင်း၊ အိုခြင်း၊ နာကျင်ဒဏ်ရာရခြင်းနှင့် သေခြင်းများကို ကြုံတွေ့ကြရသည်။ ဤတိုတောင်းလှသောအသက်တာ၌ ယုံကြည်သူများသည်လည်း ဝမ်းနည်းမှုနှင့် နာကျင်မှုဝေဒနာကို ခံစားရမည်ဖြစ်သည်။ ယုံကြည်သူများသည် ရှေ့ဦးစွာ ဆုတောင်းကာ၊ ဘုရားသခင်လုပ်သမျှသည် အကောင်းဆုံးဖြစ်ကြောင်း စိတ်ချနေရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ဆုတောင်းခြင်းကို နားညောင်းမည်ဟု ဘုရားသခင်က ကတိပေးထားသည်။ သို့သော် ကျွန်ုပ်တို့နည်းလမ်းအတိုင်း အဖြေပေးမည် မဟုတ်ပါ။ ထို့ကြောင့် ဘုရားသခင်၏ ပညာတော်၊ ဂရုဏာတော်နှင့် မေတ္တာတော်ကို စိတ်ချနေရမည်ဖြစ်သည်။ မည်သည့်အရာမျှဘုရားသခင်၏မေတ္တာတော်နှင့် ကျွန်ုပ်တို့ကိုမကွာစေနိုင်ကြောင်း ကတိပေးထားပါသည်။ သင့်အား ငြိမ်သက်ခြင်းကို ပေးပါမည်။ ခရစ်ယာန်တစ်ဦးအတွက် သေခြင်းတရားသည် ကြောက်ရွံ့စရာမဟုတ်ပါ။ ကောင်းကင်ဘုံသည် အံ့ဖွယ်နေရာဖြစ်ပြီး ဤကမ္ဘာမြေထက် အလွန်တရာ ပိုမိုကောင်းမြတ်ပါသည်။ သို့သော် ထိုကောင်းကင်ဘုံသည် ယုံကြည်သူများအတွက်သာဖြစ်သည်။ မယုံကြည်သောသူများသည် ငရဲမီးအိုင်၌ ထာဝရပြင်းစွာ ဝေဒနာခံစားကြရမည်ဖြစ်သည်။ သင်သေသောအခါ ဘယ်ကိုသွားမည်နည်း။ သခင်ယေရှုကို ယုံကြည်စိတ်ချမည်လော။ သခင်ယေရှုကို မိမိ၏အသက်သခင်ကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံမှသာ၊ သေလွန်းပြီးသောအခါ၌လည်း ကောင်းကင်ဘုံသို့ ဝင်စားရမည်ဖြစ်သည်။




**စည်းဝေးခြင်းနှင့် ကိုးကွယ်ခြင်း** *(ဟေဗြဲ ၁၀း၂၄-၂၅၊ ၁ ကော ၁၁း၂၃-၃၄၊ ကော ၃း၁၆-၁၇၊ ၂တိ ၂း၂)*
ယုံကြည်သူများသည် အတူတကွ ပုံမှန်တွေ့ဆုံ ဝတ်ပြုကိုးကွယ်ပြီး၊ ကျမ်းစာသင်ကြားခြင်း၊ ဆုတောင်းခြင်း၊ ဂုဏ်တော်သီချင်းအားဖြင့် ချီးမွမ်းခြင်းအမှုများကို ပြုကြသည်။ ယုံကြည်သူများသည် ဘုရားသခင်၏အမှုတော်အတွက် အလှူငွေများကိုလည်း ပေးလှူကြသည်။ မပေးမနေရဟူသော စိတ်ဖြင့်မဟုတ်ဘဲ စေတနာစိတ်အားဖြင့်သာ ပေးလှူကြသည်။ သခင်ယေရှုသည် သူ့ကိုအောက်မေ့ခြင်း အထိမ်းအမှတ်အဖြစ် မုန့်နှင့်စပျစ်ရည်ကို အတူသုံးဆောင်ရန် တပည့်တော်များကို မိန့်မှာခဲ့သည်။ မုန့်ကိုစားခြင်းသည် လက်ဝါးကပ်တိုင်ပေါ် အသေခံခြင်းကို သတိရစေရန်ဖြစ်ပြီး၊ စပျစ်ရည်သည် ကျွန်ုပ်တို့အပြစ်မှလွတ်ရန် သခင်ယေရှုအသွေးသွန်းခြင်းကို သတိရစေရန်ဖြစ်သည်။ ကျွန်ုပ်တို့သည်လည်း ဤသို့တွေ့ဆုံပြီး ပွဲတော်မင်္ဂလာကို အတူတကွ သုံးဆောင်ခြင်းအားဖြင့် အသေခံတော်မူခြင်းကို ကြွလာတော်မမူမီတိုင်အောင် ပြုကြရမည်ဖြစ်သည်။




**သက်သေခံခြင်း**
*(မဿဲ ၂၈း၁၈-၂၀၊ တမန် ၁း၈၊ လုကာ ၁၉း၁၀၊ ၁ တိ ၃း၁၂၊ ၂ တိ ၂း၃၊ ၁ပေ ၃း၁၅၊ မဿဲ ၅း၁၁-၁၂)*
သခင်ယေရှုက တပည့်တော်များအား လူမျိုးတကာထံသွား၍ သတင်းကောင်းဝေငှရန် မိန့်မှာခဲ့သည်။ ယုံကြည်သောသူသည် ကယ်တင်ခြင်းသို့ ရောက်မည်ဖြစ်သည်။ သခင်ယေရှုသည် ပျောက်သောသူကိုရှာ၍ ကယ်တင်ရန် ကြွလာခဲ့ခြင်းဖြစ်သည်။ ယေရှုအတွက် အသက်ရှင်ပြီး ဟောပြောသက်သေခံရန် သန့်ရှင်းသောဝိညာဉ်တော်သည် သင့်ကို ခွန်အားပေးပါမည်။ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို မေးမြန်းသူတို့အတွက် အမြဲအဆင်သင့် အဖြေရှိထားကြရမည်။ စာတန်သည် ကျွန်ုပ်တို့ကို တိုက်ခိုက်မည်ဟု သမ္မာကျမ်းစာ၌ ဖော်ပြထားသည်။ ကျွန်ုပ်တို့သည် ညှဉ်းပန်းနှိပ်စက်ခြင်းကို ကြုံတွေ့သောအခါ သစ္စာရှိသော ခရစ်တော်၏စစ်သူရဲများဖြစ်ရကြပါမည်။ သခင်ယေရှုက "ငါသည် ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့် အစဉ်မပြတ်ရှိသည်" ဟု မိန့်တော်မူသည်။ ညှဉ်းဆဲခြင်းကို ကျွန်ုပ်တို့တစ်ဦးတည်းသာ ခံရကြမည်မဟုတ်ပါ။ သခင်ယေရှုက ငါ၏နာမကြောင့် ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံရသောသူတို့သည် ကောင်းကင်ဘုံ၌ကြီးမားသောဆုလဒ်ကို ရရှိကြမည်ဟု မိန့်တော်မူသည်။

**"သခင်ယေရှုခရစ်၏ ကျေးဇူးတော်၎င်း၊ ဘုရားသခင်၏ မေတ္တာတော်၎င်း၊ သန့်ရှင်းသော ဝိညာဉ်တော်၏ မိဿဟာရတော်၎င်း၊ သင်တို့အပေါင်း၌ ရှိစေသတည်း။ အာမင်"**
(၂ကော ၁၃း၁၄)

MISSION TO
BURMA

christforburma@gmail.com